
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ကြေးဝါမြွေရုပ် 3.02

## တောလည်ရာကျမ်း ၂၀၊ ၂၁

ဣသရေလလူမျိုးတွေဟာ ကတိတော်မြေခါနန်ပြည်ကို ခရီးဆက်ထွက်လာကြတယ်။ အီဂျစ်ပြည်ကနေ ကတိတော်မြေအထိ ဦးဆောင်ပေးဖို့ မောရှေဟာ ဘုရားသခင်ရဲ့ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ လမ်းတလျှောက်မှာ ဣသရေလလူမျိုးများရဲ့ မကျေနပ်ချက်စောတက်ကတွေ အများကြီးရှိခဲ့တယ်။ ဘုရားသခင် ကတော့ ဆက်လက်သူတို့ကို ဂရုစိုက်ခဲ့ပါတယ်။ သူတို့အတွက် စားစရာနဲ့အကာအကွယ်ပေးခဲ့တယ်။ သူတို့ကို ကျန်းမာစွာစောင့်ရှောက်ပေးတယ်။ ဒါပေမယ့် တခါတလေမှာ သူတို့ဟာ အလွန်စောတက်က တက်ခဲ့ကြတယ်။

ဣသရေလလူမျိုးတွေဟာ ခါနန်ပြည်ကိုသွားတဲ့လမ်းခရီးမှာ ခက်ခဲတဲ့နေရာဒေသတွေနဲ့မြို့တွေကို ဖြတ်သန်းသွားရပါတယ်။ တစ်ကြိမ်မှာတော့ သူတို့ဟာ ဧဒုံပြည်အနားကို ဖြတ်သန်းသွားဖို့ဖြစ်လာတယ်။ သူတို့ဖြတ်သန်းသွားမယ့်အကြောင်း ဧဒုံဘုရင်ကိုအသိပေးဖို့ မောရှေဟာ သံတမန်ကိုစေလွှတ်ခဲ့တယ်။ “သင့်ရဲ့ညီဣသရေလက စာရေးလိုက်ပါတယ်။ ကျွန်ုပ်တို့တွေ့ကြုံရတဲ့ ဒုက္ခတွေအားလုံးကို သိပြီးသားဖြစ်ပါလိမ့်မယ်။ ကျွန်ုပ်တို့ ဘိုးဘေးတွေဟာ အီဂျစ်ပြည်မှာ နှစ်ပေါင်းများစွာနေခဲ့ကြပါတယ်။ အီဂျစ်တွေက ကျွန်ုပ်တို့ ဘိုးဘေးတွေအပေါ်မှာ ရက်စက်ကြမ်းတမ်းစွာ ဆက်ဆံခဲ့ကြတယ်။ ဒါပေမယ့် ဘုရားသခင်ဆီကို ကျွန်ုပ်တို့အော်ဟစ်ငိုကြွေး ဆုတောင်းတဲ့အခါ နားထောင်တယ်။ အီဂျစ်ပြည်ကနေ ထုတ်ဆောင်ပေးခဲ့တယ်။ အခုအချိန်မှာ သင့်နိုင်ငံရဲ့နယ်စပ်အနားကိုရောက် လာကြပါပြီ။ သင့်နိုင်ငံအထဲကနေ ဖြတ်သန်းသွားဖို့ခွင့်ပြုပေးနိုင်မလား? စိုက်ပျိုးခင်းတွေပေါ်ကနေ မဖြတ်ဘူး၊ သင်တို့ရေတွင်း ထဲကရေကိုလည်း မသောက်ဘူး၊ ဟိုးတဖက်နယ်နမိတ်ကိုရောက်တဲ့အထိ လမ်းအတိုင်းဖြတ်သန်းသွားပါရစေ။” လို့ စာရေးပြီး ပေးလိုက်တယ်။

“ငါ့နိုင်ငံနဲ့ဝေးရာမှာနေပါ၊ ငါ့မြေပေါ်ကိုဖြတ်နင်းရင် သင့်ကိုငါသတ်မယ်” လို့ ဧဒုံဘုရင်က ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

“ငါတို့တွေ လမ်းမကြီးအတိုင်းပဲသွားကြမယ်။ တကယ်လို့ တိရစ္ဆာန်တွေက ရေသောက်ခဲ့ရင် အဖိုးကိုပြန်လျော်ပေးမယ်။ ဖြတ်သန်းသွားရုံပဲ သွားခွင့်ပေးပါ။” လို့ ဣသရေလလူမျိုးတွေက ပြောကြတယ်။

“မရဘူး၊ ဖြတ်သန်းခွင့်မပေးဘူး” လို့ ရှင်ဘုရင်က ပြန်ပြောတယ်။ ဒါကြောင့်ပဲ ဣသရေလလူမျိုးတွေဟာ ဧဒုံပြည်ကိုပတ်ပြီး ခရီးဆက်သွားခဲ့ကြရတယ်။

ဣသရေလလူမျိုးတွေဟာ ပင်လယ်နီလမ်းအတိုင်းဖြတ်သွားကြပြီး၊ ဧဒုံနယ်စပ်မှာဖြတ်သန်းသွားချိန်မှာတော့ သူတို့တွေစိတ်ဆိုးပြီး၊ စောတက်ကတက် ကြပြန်တယ်။ “ငါတို့ကို အီဂျစ်ပြည်ကနေ ဘာလို့ခေါ်ထုတ်ခဲ့တာလဲ?” လို့မောရှေကို သူတို့အပြစ်တင်ကြတယ်။ အဲဒီအရာဟာ သူတို့ရဲ့မကျေနပ်ချက်ဖြစ် တယ်။ “စားဖို့စားစရာအစာကောင်းမရှိ၊ ရေမရှိ၊ မန္နမုန့်ကိုစားရတာ ရိုးအီလာပြီ။” သူတို့ရဲ့ မကျေမနပ်ညည်းတွားခြင်းကြောင့် သူတို့ဆီအဆိပ်ရှိတဲ့ မြွေတွေကို ဘုရားသခင်စေလွှတ်ခဲ့တယ်။ လူအများ မြွေကိုက်ခံရပြီး သေသွားကြတယ်။ “ငါတို့တွေအပြစ်လုပ်မိပြီး ဘုရားသခင်နဲ့ သင့်ကိုဆန့်ကျင်ဖက် ပြုမိကြပါပြီ။ မြွေတွေကို ဖယ်ရှားပေးဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းပေးပါ” လို့ မောရှေကိုလူတွေက ပြောကြတယ်။ အဲဒါကြောင့် မောရှေဟာ လူတွေ အတွက် ဆုတောင်းပေးခဲ့တယ်။

“ကြေးဝါနဲ့မြွေရုပ်ကိုလုပ်ပြီး၊ တိုင်ပေါ်မှာချိတ်ထားပါ။ မြွေကိုက်ခံရတဲ့သူတွေဟာ အဲဒီကြေးဝါမြွေရုပ်ကိုကြည့်ရင် အသက်ချမ်းသာရကြလိမ့်မယ်” လို့ မောရှေကို ဘုရားသခင်ကပြောတယ်။

ဘုရားသခင်ပြောတဲ့အတိုင်း မောရှေလုပ်ခဲ့တယ်။ ကြေးဝါနဲ့မြွေရုပ်ကိုလုပ်ပြီးတိုင်ပေါ်မှာ ချိတ်ဆွဲထားတယ်။ မြွေကိုက်ခံရတဲ့သူတွေဟာ အဲဒီကြေးဝါ မြွေရုပ်ကို ကြည့်လိုက်တာနဲ့ ပကတိပြန်လည်ကျန်းမာသွားကြတယ်။

ယနေ့ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအတော်များများမှာရှိတဲ့ဆေးရုံတွေနဲ့ကျန်းမာရေးဌာနတွေမှာ ကြေးဝါမြွေရုပ်တိုင်မှာချိတ်ထားတဲ့ပုံစံမျိုးကို အမှတ်တံဆိပ် အဖြစ်အသုံးပြုနေကြပါတယ်။ ဒီအရာကိုကြည့်ခြင်းအားဖြင့် ယေရှုဘုရားရဲ့ကားတိုင်ပေါ်မှာအသေခံခြင်းအားဖြင့် ဘုရားသခင်ပေးတဲ့ကျန်းမာခြင်းနဲ့ သူ့ကိုသခင်အဖြစ်မျှော်ကြည့်သူတိုင်းကိုလည်း ထာဝရအသက်ပေးနေကြောင်းကို ပြန်လည် အမှတ်ရစေပါတယ်။ တိုင်ပေါ်ကမြွေကဲ့သို့ပဲ ကျွန်ုပ်တို့ရဲ့ အပြစ်များနဲ့ ကျိန်ခြင်းအားလုံးကို သူယူဆောင်သွားပြီး၊ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့အားလုံး ထာဝရအသက်ရဖို့ ဖြစ်လာတယ်။

ယောဟန် ၃:၁၆ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

## ကြေးဝါမြွေရုပ် - ဆရာလမ်းညွှန် 3.02

## တောလည်ရာကျမ်း ၂၀၊ ၂၁ - ယောဟန် ၃:၁၆    အဓိကအချက်များ

၁) ဣသရေလလူမျိုးတွေဟာ ခါနန်ပြည်ကို မောရှေရဲဦးဆောင်ခြင်းအားဖြင့် သွားကြတယ်။ သူတို့တွေမကျေနပ်ချက်များစွာနဲ့ အပြစ်တင်ကြပေမယ့် ဘုရားသခင်ကသူတို့ကို အမြဲတမ်းဂရုစိုက်ခဲ့တယ်။

၂) ဣသရေလလူမျိုးတွေဟာ ကတိတော်မြေကိုသွားတဲ့လမ်းခရီးမှာ ဧဒုံပြည်ကိုဖြတ်သန်းသွားဖို့ဖြစ်လာတယ်။ အဲဒီနိုင်ငံထဲကနေ ဖြတ်သန်းသွားခွင့်ပေးဖို့ ရှင်ဘုရင်ဆီကိုမောရှေက စာရေးခဲ့တယ်။

၃) ဧဒုံရှင်ဘုရင်က ဣသရေလလူမျိုးတွေကို သူ့မြေထဲကနေဖြတ်သန်းသွားလာခွင့်မပေးခဲ့ဘူး။ သူတို့ဟာ လမ်းမကြီးပေါ်ကနေပဲ ဖြတ်သန်းသွားမှာဖြစ်ပြီး၊ တကယ်လို့တိရစ္ဆာန်တွေက ရေကိုသောက်ခဲ့ရင် လျော်ကြေးပေးမယ်လို့ သူတို့ဟာ ထပ်မံတောင်းဆိုကြ ပေမယ့်လည်း ရှင်ဘုရင်ဟာ ဆက်ပြီးငြင်းဆိုတဲ့ အတွက် သူတို့ဟာဧဒုံပြည်ထဲက ဖြတ်သန်းခွင့်မရခဲ့ကြဘူး။

၄) ဣသရေလလူမျိုးတွေဟာ ဧဒုံပြည်အနားက ဖြတ်သန်းသွားကြတဲ့အခါ ထပ်ပြီးမကျေနပ်ချက်တွေနဲ့ညည်းတွားကြပြန်ပါတယ်။ သူတို့ကို ဘာလို့ အီဂျစ်ပြည်ကနေ ထုတ်ဆောင်ခဲ့တာလဲလို့ မောရှေကိုအပြစ်တင်ကြတယ်။ အစားအသောက်နဲ့ပတ်သက်ပြီး မကျေနပ်ကြဘူး။ သူတို့ရဲ့မကျေမနပ် ညည်းတွားမြည်တမ်းခြင်းများကြောင့် ဘုရားသခင်ဟာအဆိပ်ရှိတဲ့မြွေတွေကိုသူတို့ဆီ စေလွှတ်ခဲ့တယ်။ သူတို့ဟာ အပြစ်လုပ်မိပြီး ဘုရားသခင်နဲ့ သူ့ကို ပြစ်မှားပါပြီလို့ မောရှေကို သူတို့ပြောကြတယ်။ မြွေတွေကို သူတို့ဆီက ဖယ်ရှားပေးဖို့ ဘုရားသခင်ဆီမှာဆုတောင်းပေးဖို့ မောရှေကိုသူတို့ တောင်းဆိုကြ တယ်။ မောရှေလည်း ဆုတောင်းပေးတယ်။

၅) ကြေးဝါနဲ့မြွေရုပ်ကိုလုပ်ပြီး၊ တိုင်ပေါ်မှာချိတ်ထားဖို့ ဘုရားသခင်က မောရှေကိုပြောတယ်။ မြွေကိုက်ခံရတဲ့သူတွေဟာ အဲဒီမြွေရုပ်ကိုကြည့်ရင် ပြန်လည် ကျန်းမာသွားကြတယ်။ ဘုရားသခင်ပြောတဲ့အတိုင်း မောရှေလုပ်ခဲ့တယ်။

### မေးခွန်းများ

၁) ဣသရေလလူမျိုးများဟာ ဘယ်နယ်မြေကို ဖြတ်သွားချင်ကြတာလဲ?

၂) ဧဒုံရှင်ဘုရင်က သူတို့ကို ဘာပြောသလဲ?

၃) ဣသရေလလူမျိုးများဟာ ဧဒုံပြည်ကိုပတ်ပြီးသွားကြတဲ့အခါ သူတို့ဘာလုပ်ကြသလဲ?

၄) ဣသရေလလူမျိုးများ မကျေနပ်စောတက်ကတက်ကြတဲ့အခါ ဘုရားသခင်က ဘာလုပ်သလဲ?

၅) ဣသရေလလူမျိုးများ အပြစ်လုပ်မိတဲ့အခါ မောရှေကို ဘာပြောသလဲ? မောရှေက ဘာလုပ်သလဲ?

၆) မောရှေဆုတောင်းပြီးတဲ့အခါ၊ ဘာလုပ်ဖို့ ဘုရားသခင်ကမောရှေကိုပြောသလဲ?

၇) မြွေကိုက်ခံရသူတွေကြေးဝါမြွေရုပ်ကိုကြည့်တဲ့အခါ ဘာဖြစ်သွားကြလဲ?

၈) လက်ဝါးကပ်တိုင်မှာအသေခံတဲ့ယေရှုကိုကြည့်တဲ့အခါ ကျွန်ုပ်တို့ ဘာဖြစ်လာသလဲ?

### အဖြေများ

၁) ဣသရေလူလူမျိုးများဟာ ဧဒုံပြည်ကို ဖြတ်သန်းသွားလိုကြပါတယ်။

၂) ဧဒုံဘုရင်က သူ့နိုင်ငံထဲက ဖြတ်သန်းသွားလာခွင့်မပေးခဲ့ဘူး။

၃) ဧဒုံပြည်ကိုပတ်ပြီးဖြတ်သန်းသွားတဲ့အခါ ဣသရေလလူမျိုးတွေဟာ မကျေမနပ်စောတက်က တက်ကြပြန်တယ်။

၄) ဣသရေလလူမျိုးများရဲ့မကျေနပ်စောတက်ကတက်တာကို ကြားပြီးနောက် ဘုရားသခင်ဟာ အဆိပ်ပြင်းတဲ့မီးမြွေတွေကို စေလွှတ်ခဲ့ ပါတယ်။

၅) ဣသရေလလူမျိုးတွေဟာ အပြစ်လုပ်မိကြောင်းပြောပြတဲ့အခါ မောရှေကသူတို့အတွက် ဆုတောင်းပေးခဲ့တယ်။

၆) မောရှေဆုတောင်းတဲ့အခါ၊ ဘုရားသခင်က ကြေးဝါမြွေရုပ်ကိုလုပ်စေပြီးတိုင်ပေါ်မှာ ချိတ်ထားစေပါတယ်။

၇) မြွေကိုက်ခံရသူတွေကြေးဝါမြွေရုပ်ကိုကြည့်တဲ့အခါ သူတို့ကျန်းမာသွားကြပါတယ်။

၈) လက်ဝါးကပ်တိုင်ပေါ်မှာအသေခံတဲ့ယေရှုကိုကြည့်တဲ့အခါမှာ ကျွန်ုပ်တို့ဟာ ထာဝရအသက်ရကြပါတယ်။

ယောဟန် ၃:၁၆ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org